# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၄၄ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

( ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက် )

**အကောက်ခွန်ဖြတ်သန်းသယ်ဆောင်ခြင်း(Customs Transit) ဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတွင် အကောက်ခွန်ဖြတ်သန်းသယ်ဆောင်ခြင်း (Customs Transit) ဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတကာပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် **"အကောက်ခွန်ဖြတ်သန်းသယ်ဆောင်ခြင်း(Customs Transit)ဆိုင်ရာ လုပ်ငန်းအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့အာမခံလုပ်ငန်း<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဋ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ အကောက်ခွန်ဖြတ်သန်းသယ်ဆောင်ခြင်း (Customs Transit) ဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အကောက်ခွန်ဖြတ်သန်းသယ်ဆောင်ခြင်း(Customs Transit)ဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးအား နှစ်လ တစ်ကြိမ် ကျင်းပပြုလုပ်ခြင်း၊

(ခ) အစည်းအဝေးဆုံးဖြတ်ချက်များ ဆက်လက်အကောင်အထည်ဖော်ရမည့်ကိစ္စများကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) အကောက်ခွန်ဖြတ်သန်းသယ်ဆောင်ခြင်း (Customs Transit) အား နိုင်ငံတကာ သဘောတူညီချက်များနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် အမိန့်နှင့် ညွှန်ကြားချက်များအား သက်ဆိုင်ရာဌာနအလိုက် ပြန်လည်သုံးသပ်၍ လုပ်ငန်းအဖွဲ့သို့ ပြန်လည်တင်ပြခြင်း၊

(ဃ) အကောက်ခွန်ဖြတ်သန်းသယ်ဆောင်ခြင်း (Customs Transit) လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်အထိ လုပ်ငန်းအစီအမံများ ချမှတ်ခြင်း၊

(င) နိုင်ငံတကာသဘောတူညီချက်၊ ပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေမှုရှိသည့် အကောက်ခွန်ဖြတ်သန်းသယ်ဆောင်ခြင်း(Customs Transit)ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေး အကောက်ခွန်ဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဌာနအကြီးအကဲမှ ဆုံးဖြတ်ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များအတွက် အချိန်နှင့်တစ်ပြေးညီ ပြုစု တင်ပြခြင်း၊

(ဆ) လိုအပ်ပါက သက်ဆိုင်ရာဌာနအလိုက် အကောက်ခွန်ဖြတ်သန်း သယ်ဆောင်ခြင်း (Customs Transit) ဆိုင်ရာ စံပြုလုပ်ငန်းစဉ်(SOP)များရေးဆွဲခြင်း၊

(ဇ) အာဆီယံအကောက်ခွန်ဖြတ်သန်းသယ်ဆောင်ခြင်းစနစ် (ASEAN Customs Transit) ဆိုင်ရာ ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စများအပေါ် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) အကောက်ခွန်ဖြတ်သန်းသယ်ဆောင်ခြင်း(Customs Transit)ဆိုင်ရာ အများပြည်သူ အသိပညာပေး (Public Awareness) လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ည) အကောက်ခွန်ဖြတ်သန်းသယ်ဆောင်ခြင်း(Customs Transit)ဆိုင်ရာ အမိန့်ကြော်ငြာစာ/ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ပြီးပါက လုပ်ငန်းဆောင်ရွက်မှုများသည် အောင်မြင် ပြီးမြောက်မှု ရှိ/ မရှိ လုပ်ငန်းအခြေအနေများကို စောင့်ကြည့်အကဲဖြတ် (Performance Measurement) ၍ ပိုမိုလွယ်ကူချောမွေ့စေသည့်အစီအမံများကို ချမှတ်ခြင်း၊

(ဋ) အကောက်ခွန်ဖြတ်သန်းသယ်ဆောင်ခြင်း(Customs Transit)ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်များအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြအစီရင်ခံခြင်း။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး